ထို့ပြင် အဆိုပါလုပ်ငန်းများသည် နိုင်ငံတကာငွေကြေးစီးဆင်းမှုနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးချ၍ နယ်စပ်ဖြတ်ကျော်လုပ်ကိုင်နေသည့် အတွက် လိမ်လည်ခံရသူများ၏ ငွေကြေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေရုံသာမက ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုကဲ့သို့သော ဆက်စပ်မှုခင်းများကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် အဆိုပါ Scam Center များတွင် နိုင်ငံအသီးသီးမှ လူများကို အလုပ်အကိုင် ကောင်းများရရှိမည်ဟု လိမ်လည်ခေါ်ယူပြီးနောက် အွန်လိုင်းလိမ်လည်မှုများတွင် အတင်းအကျပ် ပါဝင်လုပ်ကိုင်စေသည့် ဖြစ်စဉ်များလည်းရှိနေကြောင်း သိရှိရပြီး ယင်းအခြေအနေများကြောင့် အွန်လိုင်းလိမ်လည်မှုသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်းပြဿနာအဖြစ်သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

စုံစမ်းရာဖွေဖော်ထုတ်

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအားသိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့်ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုခြင်း၊ မသက်ဘဖွယ်ရာ Link များကို ရှောင်ကြဉ်ခြင်း၊ Password နှင့် OTP ကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



■ ***ကျောပုံးမှ***

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ရခိုင်ယူနိုက်တက်အသင်းက Enjoy Brother အသင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်၊ ၆၂ မိနစ်၊ ၇၄ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ထွန်းနိုင်စိုးက လေးဂိုး၊ ၃၃ မိနစ်တွင် ညီညီထွန်း၊ ၅၃ မိနစ်တွင် ရဲထက်နိုင်နှင့် ၉၀+၃ မိနစ်တွင် စိုးဝဏ္ဏ အောင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။ Enjoy Brother အသင်းအတွက် တစ်လုံးတည်းသော ချေဝဂိုးကို ပွဲချိန် ၄၅+၂ မိနစ်တွင် အောင်ပြည့်စုံက သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်မှ လေးဂိုးသွင်းယူခဲ့သည့် ထွန်းနိုင်စိုးက ရရှိခဲ့သည်။

တက္ကသိုလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အဆင့်(၄)နေရာမှ Royal Dagon အသင်းနှင့် အဆင့်(၅)နေရာမှ VUE နေပြည်တော်အသင်း ပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျကာ ရမှတ်ခွဲယူခဲ့သည်။ အဆိုပါ ပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို VUE နေပြည်တော်အသင်းမှ ကွင်းလယ်လူ ဖြိုးကျော်က ရရှိခဲ့သည်။

အပတ်စဉ်(၅) ဒုတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၁၃ ရက်(**ယနေ့**) တွင် တက္ကသိုလ်အသင်းနှင့် Asia Lion အသင်း (တက္ကသိုလ်ကွင်း)တို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး

❖ ***ကျောပုံးမှ***

ပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးပြီး ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အမျိုးသမီးပွဲစဉ်များယှဉ်ပြိုင်

ဆက်လက်၍ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ အမျိုးသားကွာတားအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမျိုးသားကွာတားအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ကားတင်ပို့မှုစီးရေ ၁၁ သန်းကျော် ရှိလာနိုင်

ပေကျင်း နိုဝင်ဘာ ၁၂

ယခုနှစ်အတွင်းတရုတ်နိုင်ငံ၏ ပြည်ပသို့ ကားသစ်တင်ပို့မှုမှာ စီးရေ ၁၁ သန်းကျော်အထိ ရှိလာနိုင်သည်ဟု မျှော်လင့်ထားကြောင်း တရုတ်ကားထုတ်လုပ်ရေးလုပ်ငန်းဆိုင်ရာ အသင်းတစ်ခုက ပြောသည်။ ဧန်နဂါရီလမှ အောက်တိုဘာလအထိ ကားအသစ်စီးရေ ၉ ဒသမ ၂၇ သန်း ပြည်ပသို့တင်ပို့ခဲ့ပြီးဖြစ်ကြောင်း တရုတ်နိုင်ငံ မော်တော်ကား ထုတ်လုပ်သူများအသင်းက ပြောသည်။

အဆိုပါပမာဏသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဖြ၅ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။ လျှပ်စစ်ကားများနှင့် အားသွင်းစနစ်ပါဝင်သော ဟိုက်ဘရစ်ကားများအပါအဝင် စွမ်းအင်သစ်သုံး မော်တော်ယာဉ်များသည် စုစုပေါင်းတင်ပို့မှု၏ ထက်ဝက်ခန့်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း လောင်စာဆီစွဲး မြင့်တက်နေခြင်းသည်လည်း အဆိုပါကားများကို လူကြိုက်များလာရသည့် အကြောင်းအရင်းတစ်ခု ဖြစ်သည်ဟု ယူဆရသည်။ တရုတ်နိုင်ငံအတွင်း ကားအသစ်ရောင်းချရမှုမှာ ယခုနှစ် ၁၀ လတာကာလအတွင်း ၁၇ ဒသမ ၁၀ သန်းရှိပြီး ယမန်နှစ်ကနှင့်နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရသည်။



အင်နံအိတ်ချ်ကေ

နယူးယောက်မြို့၌ အဆောက်အအုံပြိုကျမှုကြောင့် ၁၇ ဦး ဒဏ်ရာရ

နယူးယောက် နိုဝင်ဘာ ၁၂

နယူးယောက်မြို့ ဘရွတ်ကလင်းရှိ သုံးထပ် အဆောက်အအုံတစ်လုံး နိုဝင်ဘာ ၁၁ ရက်က ပြိုကျမှု ဖြစ်ပွားသဖြင့် နှစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ အပျက်အစီးများ အောက်တွင် ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ အဆိုပါ အဆောက်အအုံသည် ညနေ ၄ နာရီဝန်းကျင်က အနီးအနားရှိ ဆောက်လုပ်ရေး လုပ်ငန်းဆိုက်တစ်ခုပေါ်သို့ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။



အဆောက်အအုံ ပြိုကျမှုကြောင့် ထိခိုက်ခံစားရသူများ အနက် ခုနစ်ဦးမှာ ကလေးများဖြစ်ပြီး မီးသတ်သမားတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆောက်အအုံပြိုကျချိန်တွင် အတွင်း၌ လူမည်မျှရှိသည်ကို မသိရကြောင်း မီးသတ်အာဏာပိုင်များက ပြောသည်။ ယင်း အဆောက်အအုံမှာ ၁၉၃၀ ပြည့် နှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တိုက်ခန်း လေးခုပါရှိသည်ဟု နယူးယောက်ခတိုင်းမ်က ဖော်ပြထားသည်။

အဆောက်အအုံ ပြိုကျရာ နေရာအနီးတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ယခု ဖြစ်စဉ်မှာ အလွန်ရှုပ်ထွေးပြီး လျင်မြန်စွာ ပြောင်းလဲနေသည့် အချက်အလက်များရှိသော အခြေအနေဟု မြို့တော်ဝန် ဇိုရမ် မန်ဒါနီ က ပြောသည်။

အင်နံအိတ်ချ်ကေ

ဂျပန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၊ ကြက်ကောင်ရေ နှစ်သိန်းခန့် ရှင်းလင်း

တိုကျို နိုဝင်ဘာ ၁၂

ဂျပန်နိုင်ငံ ကျိုတိုစီရင်စုရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ယခုရာသီအတွင်း ပထမဆုံး ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို တွေ့ရှိခဲ့ပြီးနောက် ဂျပန်အစိုးရက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ကျိုတိုစီရင်စု၊ ကာမိအိုကာမြို့ရှိ မွေးမြူရေးခြံတွင် ယမန်နေ့က ကြက် ၁၄ ကောင် သေဆုံးခဲ့ပြီး မျိုးဗီဇစစ်ဆေးမှုအရ ကူးစက်ပြင်းထန်သည့် H5 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက အဆိုပါ မွေးမြူရေးခြံရှိကြက်ကောင်ရေ နှစ်သိန်းခန့်ကို ရှင်းလင်းလျက်ရှိသည်။ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် တိုကျို မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံကာ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးချုပ် တာကာအိချိ ဆာနာအဲက ဤသို့ကြားချက် လေးချက် ထုတ်ပြန်ထားကြောင်း အစိုးရအဖွဲ့အတွင်း၌ ခိဟာရာ မိနိုရုက ပြောကြားခဲ့သည်။ ယင်းညွှန်ကြားချက်များတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား အနီးကပ် ပူးပေါင်းဆောင်ရွက်ရန်၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အမြန်ဆုံးနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရန်၊ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်သည့် တိကျမှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူများထံ အချိန်မီအသိပေးရန်တို့ ပါဝင်သည်။

အင်နံအိတ်ချ်ကေ

အွန်လိုင်းသုံးစွဲသူများ အကာအကွယ်ရရှိရေးအတွက် ဥရောပသမဂ္ဂက ဥပဒေသစ်တစ်ရပ် အဆိုပြု

ဘရပ်ဆဲလ် နိုဝင်ဘာ ၁၂

ဥရောပသမဂ္ဂ (EU) ၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် ဥရောပကော်မရှင်သည် အွန်လိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် အကာအကွယ်များ ပိုမိုခိုင်မာစေရန်အပြင် လက်ရှိဥပဒေများကို ဒီဂျစ်တယ်ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဥပဒေသစ်တစ်ရပ်ကို အဆိုပြုခဲ့သည်။ ယမန်နေ့က တင်ပြခဲ့သည့် ယင်းဥပဒေမူကြမ်းကို Digital Fairness Act ဟု အမည်ပေးထားပြီး ဒီဂျစ်တယ်စာချုပ်များနှင့် အွန်လိုင်းစာရင်းသွင်းဝန်ဆောင်မှုများ ဆိုင်ရာ စည်းမျဉ်းသစ်များ ပါဝင်သည်။

ဥပဒေမူကြမ်းအရ အခမဲ့အစမ်းသုံးစွဲခွင့်ကာလ ကုန်ဆုံးတော့မည့် အချိန်နှင့် အလိုအလျောက်သက်တမ်းတိုးမည့် ဝန်ဆောင်မှုများ အကြောင်းကို ကုမ္ပဏီများအနေဖြင့် သုံးစွဲသူများအား ပိုမိုရှင်းလင်းစွာ ကြိုတင်အသိပေးရမည်ဖြစ်သည်။ ထို့ပြင် စားသုံးသူများ၏ ဆုံးဖြတ်ချက်ကို လွှမ်းမိုးစေရန် လှည့်ဖြားသည့် ကြော်ငြာနည်းလမ်းများဖြစ်သော Dark Patterns များကိုလည်း တားမြစ်ရန် အဆိုပြုထားသည်။ ဥပမာအားဖြင့် ကုန်ပစ္စည်းလက်ကျန် အလွန်နည်းနေပြီဟု မဟုတ်မမှန်ဖော်ပြကာ အလျင်အမြန် ဝယ်ယူစေရန် ဖိအားပေးခြင်းမျိုးဖြစ်သည်။



ထို့ပြင် ကုန်ပစ္စည်းဈေးနှုန်းများကို အချိန်နှင့်အမျှ ပြောင်းလဲသတ်မှတ်သည့် Dynamic Pricing စနစ်တွင်လည်း ကုမ္ပဏီများအနေဖြင့် လက်ရှိဈေးနှုန်းနှင့် ဖြစ်ပေါ်လာနိုင်သည့် အခြင့်ဆုံးဈေးနှုန်းကို ပွင့်လင်းခြင်းသာစွာ ဖော်ပြပေးရမည်ဖြစ်သည်။ အဆိုပါစည်းမျဉ်းများကို ချိုးဖောက်သည့် ကုမ္ပဏီများအား ကမ္ဘာတစ်ဝန်းရှိ ၎င်းတို့၏ နှစ်စဉ် ဝင်ငွေစုစုပေါင်း၏ ၆ ရာခိုင်နှုန်းအထိ ဒဏ်ငွေချမှတ်နိုင်မည်ဖြစ်သည်။

အင်နံအိတ်ချ်ကေ

နိုပေါနိုင်ငံက COP31 ညီလာခံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေး တောင်းဆို

ခတ္တမန္တူ နိုဝင်ဘာ ၁၂

နိုပေါနိုင်ငံမှ သဘာဝဘက်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့သည် တူကီယဲ နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ COP31 ညီလာခံ၌ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် နိုင်ငံအချင်းချင်း နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။ ပြီးခဲ့သည့် သြဂုတ်လက နိုပေါ-တရုတ် နယ်စပ်တစ်လျှောက်တွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ဒေသအများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စေသည့် ဓာတ်ငွေ့ထုတ်လွှတ်မှုတွင် ပါဝင်မှုအနည်းဆုံးဖြစ်သည့် နိုင်ငံများနှင့် လူမှုအသိုက်အဝန်းများသည် နှစ်စဉ် အလားတူသဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရခြင်းမှာ ရာသီဥတုဆိုင်ရာ တရားမျှတမှုမရှိခြင်းကို ထင်ဟပ်စေကြောင်း လူငယ် ရာသီဥတုလှုပ်ရှားသူများဖြင့် ဖွဲ့စည်းထားသည့် နိုပေါနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဒစ်ချာ ဆူဘီဒီက ပြောကြားခဲ့သည်။

အင်နံအိတ်ချ်ကေ

နယူးဇီလန်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ဝင်ရောက်မှု ၉ ရာခိုင်နှုန်းမြင့်တက်

ဝယ်လင်တန် နိုဝင်ဘာ ၁၂

နယူးဇီလန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံတကာခရီးသွားဦးရေမှာ ယခုနှစ် စက်တင်ဘာလအထိ ၃ ဒသမ ၇၄ သန်းရှိပြီး ယမန်နှစ်ကထက် ၉ ရာခိုင်နှုန်း တိုးတက်လာသည်ဟု နိုဝင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

နယူးဇီလန် အမျိုးသားစာရင်းအင်းအေဂျင်စီ၏ အချက်အလက်များအရ တိုးတက်လာသည့် ခရီးသွားဝင်ရောက်မှုအနက် လေးပုံသုံးပုံမှာ ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့မှ ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျမှ လာရောက်လည်ပတ်သူဦးရေမှာ ၁ ဒသမ ၆၁ သန်း ရှိပြီး ၈ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ လာရောက်သည့် ခရီးသွားဦးရေမှာ ၃၄၀၁၀၀ ရှိပြီး ၃၈ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

ဆင်ဟွာ

အီတလီနိုင်ငံ၌ ကျောင်း ၁၈၀၃ ကျောင်းတွင် ပုံးခြိမ်းခြောက်သည့်အီးမေးလ်များ ထပ်မံရရှိ

ရောမ နိုဝင်ဘာ ၁၂

အီတလီနိုင်ငံ စစ်ဆေး၊ ဗီနီတို၊ လီဂူရီးယား၊ အမ်ဘရီယာနှင့် လာဇီယို ဒေသများအပါအဝင် နေရာအများအပြားရှိ စာသင်ကျောင်းများထံ ဗုံးခွဲမည်ဟု ခြိမ်းခြောက်ထားသည့် မေးလ်အသစ်များ နိုဝင်ဘာ ၁၂ ရက်တွင် ထပ်မံပို့ဆောင်ခဲ့ကြောင်း ပြည်တွင်းဗီဒီယာများက ဖော်ပြထားသည်။ စာသင်ကျောင်းအချို့ရှိ ကျောင်းသား ကျောင်းသူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး အခြားကျောင်းများတွင်လည်း စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ANSA သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ကနဦးအချက်အလက်များအရ ဗုံးခြိမ်းခြောက်ခံရသည့် အီးမေးလ်များ လက်ခံရရှိသည့်စာသင်ကျောင်း ၁၈၀၃ ကျောင်းရှိလာကြောင်း အီတလီသတင်းစာ Corriere della Sera က ဖော်ပြထားသည်။ အဆိုပါ ထပ်မံခြိမ်းခြောက်သည့် အီးမေးလ်များအားလုံးနှင့် နိုဝင်ဘာ ၁၁ ရက်က ပေးပို့သည့် အီးမေးလ်များတွင် Mikhail Andropov အမည်အသုံးပြု၍ လက်မှတ်ရေးထိုးထားကြောင်း မီဒီယာများက ဖော်ပြထားသည်။

ဆင်ဟွာ

လာအိုနှင့် ကမ္ဘောဒီးယားနယ်စပ်လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လက်မှတ်ရေးထိုး

ဗီယင်ကျန်း နိုဝင်ဘာ ၁၂

လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တာဝန်ရှိသူများသည် နှစ်နိုင်ငံအကြား နယ်စပ်ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်သုံးသပ်ရန်၊ လူဝင်မှုကြီးကြပ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်လုံခြုံရေးတို့ကို ပိုမိုအားကောင်းလာစေရန် ရည်ရွယ်သည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးရန် ယမန်နေ့က လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအတွင်း တာဝန်ရှိသူများသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နှစ်နိုင်ငံနယ်စပ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် အဓိကထား ဆွေးနွေးခဲ့ကြသည်။

ဆင်ဟွာ

ရေဘေးသင့်ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နေပြည်တော် နိုဝင်ဘာ ၁၂

ရွာမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ညောင်ရွှေမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညောင်ရွှေမြို့ နန့်ပန်ရပ်ကွက်၊ ဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်များအတွင်း ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့်အိမ်ထောင်စု ၈၄ စု စုစုပေါင်း ဒေသခံတိုင်းရင်းသားပြည်သူ ၂၈၃ ဦးတို့အား ညောင်ရွှေမြို့ မြို့မရန်ကုန် ဘုန်းတော်ကြီးကျောင်း မဟာရုံ၌ ယာယီရေဘေးကယ်ဆယ်ရေး စခန်းဖွင့်လှစ်၍ ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပွားရာနေရာများသို့သွားရောက်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေ မှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့များကလည်း ရေဘေးသင့်

စစ်ကိုင်းမြို့ နန်းဦးမြို့သစ်၌ နိုင်ငံဝန်ထမ်းအိမ်ရာအသစ် လေးခန်းတွဲ လေးထပ် အရာထမ်းအိမ်ရာတစ်လုံး၊ လေးခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ ခြောက်လုံး အစားထိုးအသစ်ပြန်လည်တည်ဆောက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၂

မန္တလေးလျင်မြန်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်၌ လေးခန်းတွဲ လေးထပ်အရာထမ်းအိမ်ရာတစ်လုံး၊ လေးခန်းတွဲ လေးထပ် အမှုထမ်းအိမ်ရာ ခြောက်လုံး အစားထိုးအသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အစားထိုးအသစ်ပြန်လည်တည်ဆောက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်လျာထားစီမံချက်အတိုင်းပြီးစီးရေး ကြိုးစားဆောင်ရွက်ရန် လိုကြောင်း၊ အရည်အသွေးပြည့်မီသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုရေး၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကလည်း လုပ်ငန်းမစတင်မီနှင့် ဆောင်ရွက်ပြီးအခြေအနေတို့ကို အမြဲမပြတ်ကြည့်ရှုစစ်ဆေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဧရာဝတီတံတား(ရတနာပုံ) ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က တံတားကြီး၏ ရေလယ်တိုင် အမှတ် (RP-4) တံတားတိုင်ပေါ်ရှိ Bearing အား အစားထိုးလဲလှယ်နိုင်ရန် အားဖြည့်ထပ်ပိုးခြင်းလုပ်ငန်း အတွက် ကြိုတင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ် ဦးဇော်လင်းမြ က ဖြည့်စွက်ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက Bearing အား အစားထိုးလဲလှယ်မည့် နေ့ရက်များတွင် တံတားကြီးအပေါ်၌ ယာဉ်သွားလာမှု ခေတ္တပိတ်ထားမည်ဖြစ်၍ အများပြည်သူသို့ အသိပေးနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးချုပ်သို့ ကြိုတင်တင်ပြဆောင်ရွက်ရန်မှာကြားကာ ရေလယ်တိုင် အမှတ် (RP-4) လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလယ်တိုင်အမှတ်(RP-5)နှင့်(RP-6) တို့၏ ကြိုခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ မိုင်တိုင် အမှတ်(၃၅၈)၊ (၁ ဖာလုံနှင့် ၃ ဖာလုံ)အကြားရှိ ဒွဒဝတီတံတားအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှု၊ တံတားသံမဏိသံပေါင် အစိတ်အပိုင်းများ ရောက်ရှိမှုနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းများဆောင်ရွက်မှု၊ ကွန်ကရစ်ဖျော်စက်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကားအင်းလမ်းအသုံးပြုခ ကောက်ခံရေးတိုးလိုက်တံ၌ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားမှု၊ လမ်းအသုံးပြုခကောက်ခံမှုအခြေအနေနှင့် RFID (Radio Frequency Identification Device) စနစ်ဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အားသာချက်များစွာရှိသော်လည်း အားနည်းချက်များကိုအချိန်မီရှာဖွေပြုပြင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးသိုက်စိုး ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၂

တရုတ်ပြည်သူသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုဌာန(IPRCC) က ကြီးမှူး၍ "၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ" ကို တရုတ်ပြည်သူသမ္မတနိုင်ငံပေကျင်းမြို့၌ နိုဝင်ဘာ ၁၁ ရက်တွင်ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိုက်စိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအား **"မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေခြင်းနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လမ်းကြောင်းများတွင် ဆန်းသစ်တီထွင်ခြင်း"** ဟူသော ဆောင်ပုဒ်ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များကို ပိုမိုနက်ရှိုင်းခိုင်မာစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွေ့အကြုံများကို ဖလှယ်ရန်၊ အသိပညာမျှဝေမှုကို မြှင့်တင်ရန်၊ ပိုမိုခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုပုံစံများကို ရှာဖွေလေ့လာရန်နှင့် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်နိုင်ရန် အတွက် ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုဌာန (IPRCC) မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဦးစီးလွှင်၊ လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Chanthakhone Boualaphanh၊ မြန်မာနိုင်ငံ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တရုတ်နိုင်ငံဆိုင်ရာကုလသမဂ္ဂကိုယ်စားလှယ် H.E. Mr. Stephen Jackson၊ တရုတ်နိုင်ငံ နိုင်ငံခြားဘာသာစေထုတ်ဝေရေး စီမံခန့်ခွဲမှုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Mr. Yu Yunquan တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ကိုယ်စားလှယ်ဖြစ်သည့် ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများပူးပေါင်းပါဝင်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူကိုယ်တိုင် စီမံခန့်ခွဲသည့် စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်ရေးဟူသော မဟာဗျူဟာမြောက် လုပ်ငန်းစဉ် (၂) ရပ်နှင့် ပြည်သူကို ဗဟိုပြု၍ ဘက်စုံကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကို လုပ်ငန်းအစီအစဉ် (၆) ရပ်ဖြင့် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းစေရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွား မြင့်မားရေးစီမံကိန်းအပါအဝင် အသက်မွေးဝမ်းကျောင်း နည်းပညာများ ထောက်ပံ့ပေးပြီး မိသားစုဝင်တွေ ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒီဂျစ်တယ်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် INGOs အဖွဲ့အစည်းများမှ ဆွေးနွေးပွဲဆောင်ပုဒ်ခန့်အညီ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရေး၊ ဆင်းရဲမွဲလျော့ချရေး လုပ်ငန်းစဉ်များအား ခေတ်နှင့်အညီ တီထွင်ဆန်းသစ် ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့်ဆောင်ရွက်ချက်များအား ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲအား Poverty Reduction Experience Sharing and Model Innovation on Poverty Reduction နှင့် Toward the post 2030 : Transition and Long-Term Governance of Poverty Reduction ခေါင်းစဉ် နှစ်ခုဖြင့် ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အစည်းများနှင့် INGOs အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ခေါင်းစဉ်အသီးသီးဖြင့် အတွေ့အကြုံများအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးသိုက်စိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် တရုတ်ပြည်သူသမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအဖျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများကို အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပပြသလျက်ရှိရာ အခြေခံပညာမူလတန်းအဆင့်၌ “အာကာသအိပ်မက်” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ “လူသားနှင့်အနာဂတ် အာကာသ” ခေါင်းစဉ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အခြေခံပညာ အထက်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲကို “အနာဂတ် အာကာသ နည်းပညာ” ခေါင်းစဉ်ဖြင့် ဆက်လက် ယှဉ်ပြိုင်ကြသည်။



အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့်သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါ ပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အာကာသနည်းပညာဆိုင်ရာပြခန်းများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့် လေ့လာရေးစနစ် ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ် ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ အင်ဂျင်နီယာနှင့် သချိုင်းပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသောအာကာသစူးစမ်းလေ့လာရေးသုတေသနပြခန်းများကို ခင်းကျင်းပြသထားသည်။

ယနေ့တွင် အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ ၆၈၃၃ ဦး လာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြခန်းများကို နိုဝင်ဘာ ၁၃ ရက် အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသိရိ)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ ကမ်ရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန် ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူ များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူ များ စိတ်အေးချမ်းသာစွာနေထိုင် လုပ်ကိုင် စားသောက်နိုင်ရေး နှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင် ရေးတာဝန်များကို နေ့မအား၊ ညမနား သက်စွန့်ကြိုးပမ်းတာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်



ရောက်လာကြသူများက အောင် သပြေခက်ကမ်း၍ လည်းကောင်း၊ အတီး၊ အမှတ်၊ အဂ၊ အခုန်များ ဖြင့်လည်းကောင်း သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှိ အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများ ကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင် အဆောက်အအုံ ၁၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ငါးထပ်အဆောက်အအုံတစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့် အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရား များဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ခုနစ်လုံး စုစုပေါင်း အဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက် ဆီးသွားမည်ဖြစ်ကြောင်း သိရ သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုကျူးလွန်ခြင်းများကို မြန်မာ နိုင်ငံအတွင်း လုံးဝအခြေမပြုနိုင် ရေးအတွက်အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်း စပ်ညှိနှိုင်း၍ ဆက်လက်ဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

မရမ်းကုန်းမြို့နယ် အမတ်(၆)၌ စွန့်ပစ်ပစ္စည်းများ အသုံးပြုခြင်းနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းအန္တရာယ် အသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးမှ မရမ်းကုန်းမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း၌ စွန့်ပစ်ပစ္စည်းများအသုံးပြု၍ သီးပင်စားပင် စိုက်ပျိုးခြင်းနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ် ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး နှင့် ဝန်ထမ်းများက မူလတန်းအရွယ် ကျောင်းသား ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများနှင့်အတူ ဝန်းကျင် ရှိ စွန့်ပစ်ပစ္စည်းများအား သဘာဝ မြေဩဇာပြုလုပ်၍ သီးပင်စားပင်များ စိုက်ပျိုးခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြ ခြင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**



၁၂ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာ နှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

နမ့်စန်ခရိုင်နှင့် လွိုင်လင်ခရိုင်၌ ရေကြီးရေလျှံဖြစ်ပွားသည့်နေရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

လွိုင်လင် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်၌ နိုဝင်ဘာ ၁၀ ရက်မှစ၍ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် နမ့်စန်ခရိုင် နမ့်စန်မြို့ရှိ ရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက် ရှိပြီး ပြည်သူများ၏ နေအိမ်များ အတွင်းသို့ ရေများဝင်ရောက်မှုများ ရှိသဖြင့် ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ သွားရောက်၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နေမှု အခြေအနေ၊ ပြည်သူများ၏ နေအိမ်အတွင်းသို့ ရေများဝင်ရောက်မှု အခြေအနေ၊ ပြည်သူများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ စုပေါင်း၍ ကူညီကယ်ဆယ်ရေး



လှုပ်ရှားဆောင်ရွက်နေကြသည်ကို တွေ့မြင်ရစဉ်။

လှုများဖြင့် ရေဘေးလွတ်ရာသို့ အင်တိုက်အားတိုက် ပြောင်းရွှေ့ဆောင်ရွက် ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် နမ့်စန်မြို့ ဗုဒ္ဓရာဇာအေးရိပ်သာ၌ ရေဘေးသင့် ပြည်သူများအတွက် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထား ရှိမှု အခြေအနေကို သွားရောက် ကြည့်ရှုကြပြီး ရေဘေးသင့်ခဲ့သည့် ရပ်ကွက်(၁)၊ ရပ်ကွက်(၃)နှင့် ရပ်ကွက်(၄)တို့မှ ပြည်သူများအား တွေ့ဆုံကာ အားပေးစကား ပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၁၃၈ စု၊ လူဦးရေ ၅၇၇ ဦးအတွက် စားသောက်ဖွယ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရေကြီးရေလျှံ ဖြစ်ပွားသည့် နေရာအတွင်းရှိ ရေများကို မော်တာစက်များဖြင့် စုပ်ယူဆောင်ရွက်မည့် နေရာနှင့် ရေကြီးရေလျှံ ဖြစ်ပွားနေသည့် နေရာတို့ကို ရေများစုပ်ယူနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

အောင်မြေသာစံမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှုးရုံး အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှုး ဦးတက်ထွဋ်အောင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။



အဆိုပါ ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်သည့် အခြေအနေများကို ကြိုတင်သိရှိကာကွယ်နိုင်ရေး၊ ဌာနဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု ကင်းရှင်းစေရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘုန်းမြတ်

မင်းလှမြို့နယ်၌ ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

အထက်မင်းလှ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်ရှိ မွေးခရုများနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် စုရပ်အဖြစ် သတ်မှတ်၍ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို နိုဝင်ဘာ ၉ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှုး ဒေါက်တာစိုးဝဏ္ဏ ဦးဆောင်သောအဖွဲ့ ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့ဝင်များက မြို့မရပ်ကွက်ရှိ ရွှေဘုန်းသာမဏဝရုံနှင့် အမှတ် ၆ ရပ်ကွက်မဏဝရုံများ၌ အသက် ၉ လမှ ၅၅ လ အရွယ် ကလေးငယ် ၂၄၀ အား ဝက်သက်၊ ကျိုက်သိုးရောဂါ ကာကွယ်ဆေး



ထိုးနှံပေးခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာန အသီးသီးတွင်လည်း ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သော ကလေးငယ် စုစုပေါင်း ၁၀၃၆ ဦးကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လားရှိုးခ၌ အယ်လ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး



လားရှိုး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် အင်ဂျင်နီယာအဖွဲ့သည် မြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်နိုင်မှုများဖြစ်ပေါ်နိုင်ကြောင်း သတိပေးနှိုးဆော်အသိပညာပေးခြင်းများ၊ ဓိနိုင်းဝိုစတာ၊ လက်မခံစာစောင်ဖြန့်ဝေခြင်းများကို နိုဝင်ဘာ ၁၂ ရက်က မန်အိုင်ကျေးရွာအုပ်စု မန်အိုင်ကျေးရွာ ကျေးရွာတာဝန်ခံနေအိမ်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးခြင်းတွင် မန်အိုင်ကျေးရွာအုပ်စု မန်အိုင်ကျေးရွာတာဝန်ခံနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချောက်မြို့၌ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ချောက် နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး(MR) ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်းလုပ်ငန်းကို ယမန်နေ့က အမှတ်(၁၅)ရပ်ကွက် ဆေးထိုးစုရပ်၌ ဆောင်ရွက်ပေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက် ၉ လမှ ၅၅ လအတွင်းရှိ ကလေးငယ် စုစုပေါင်း ၇၇၂၄ ဦးအား ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေး(MR)များကို ထပ်ဆောင်းထိုးနှံပေးခဲ့ကြပြီး အာဟာရဆိုင်ရာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကိုလည်း ဗီဘာပြည်သူများထံ အသိပညာပေးဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဇေထက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုမိုး(ပြန်/ဆက်)



စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိသာ ၎၅၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသုံလောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ် မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သုံလောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အပူဒဏ်ကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ပိုင်ထွန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက နိုဝင်ဘာ၀၂ရက်က ဈေးများ၊ စက်သုံးဆီဆိုင်များ၊ စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်း စစ်ဆေးလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်က ဈေးများ၊ စက်သုံးဆီဆိုင်များအား စစ်ဆေးခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကိုကိုမင်း(ပြန်/ဆက်)

ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၂



အသက် ၉ လမှ ၅၉ လ အရွယ် ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသိပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၉ ရက်တွင် နေပြည်တော်ကောင်စီရုံး ဧမွေဘီရိခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်လွင်မိသင်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဝက်သက်ရောဂါသည် ကမ္ဘာပေါ်တွင် အလွန်ကူးစက်မြန်သော ရောဂါဖြစ်ပြီး ရောဂါပိုး ရှိသူတစ်ဦး အသက်ရှူခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းတို့မှတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်သည့်အတွက် ဝက်သက်နှင့် ဂျိုက်သိုးရောဂါများ မဖြစ်ပွားစေရန်နှင့် ကလေးငယ်များအတွက် ရောဂါမကူးစက်စေရန် အကောင်းဆုံးကာကွယ်သည့်နည်းလမ်းမှာ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ပြခန်းငယ်နှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏာ)

လယ်ဝေးမြို့နယ်ရှိ သမဝါယမအသင်းစု(လီမိတက်)၏ အမှုဆောင်သစ်ရွေးချယ်

လယ်ဝေး နိုဝင်ဘာ ၁၂

နေပြည်တော် လယ်ဝေးမြို့နယ် သမဝါယမအသင်းစု (လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာနခွဲ ကျင်းပရာ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားခြင်းနှင့် တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက သဘာဝတိအဖြစ် ဆောင်ရွက်၍ အသင်းဝင်ကိုယ်စားလှယ်များ၏ ဆန္ဒအရ အမှုဆောင်အဖွဲ့၊ အသင်းသားစာရင်းစစ်တို့ကို ရွေးချယ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



မိတ္ထီလာခရိုင်၌ သီးနှံလေလွင့်ပျက်စီးမှုမရှိစေရေးနှင့် သီးနှံသိုလှောင်မှုနည်းပညာမျှဝေ

မိတ္ထီလာ နိုဝင်ဘာ ၁၂

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံသိုလှောင်မှု နည်းပညာ သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယမန်နေ့ နံနက်က တော်ဝင်နန်းခန်းမ၌ ကျင်းပသည်။

သင်တန်းကို မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက ခရိုင်အတွင်းရှိ ကုန်သည်များ၊ လုပ်ငန်းရှင်များအတွက် ကုန်စည်အရည်အသွေး ထိန်းသိမ်းနိုင်စွမ်းမြှင့်တင်နိုင်ရန်၊ စွေးကွက်ထိုးဖောက်နိုင်စွမ်း မြှင့်တင်နိုင်ရန်၊ ကုန်သည်နှင့် ပွဲစားများအကြား ချိတ်ဆက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ ခေတ်မီနည်းပညာနှင့် စံချိန်စံညွှန်းများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



တောင်ဥက္ကလာပမြို့နယ်၌ အခွန်ဥပဒေများဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းလတ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ညိုမိသိန်းတို့က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခွန်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ခင်ဆွေနှင်း(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်၌ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြော

ကျိုက်ထို နိုဝင်ဘာ ၁၂

ကျိုက်ထိုမြို့နယ်၌ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (စိန်ပန်းခန်းမ)၌ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းမင်းလတ်က မှုခင်းကျဆင်းရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များနှင့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးအကြောင်းအရာများ၊ Ai နည်းပညာနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၇၈) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(ကျိုက်ထို)မှ ရဲအုပ်ထွန်းလွင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်ရာတွင် လိုက်နာရမည့် အချက်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု (သထုံ) ရဲအုပ်အောင်ဇော်ထိုက်က မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များကို ဟောပြောခဲ့ကြသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်လျက်ရှိ

ဟင်္သာတ နိုဝင်ဘာ ၁၂

ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နိုဝင်ဘာ ၁၀ ရက်တွင် ဟင်္သာတမြို့နယ် ငါးဖယ်ထူ(မ)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် ဆောင်ရွက်ထားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငွေစာရင်းပုံစံများ ကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ငါးဖယ်ထူ(မ) ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖွဲ့ တစ်ဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ တစ်ဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း လေးဖွဲ့မှ စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေ ၁၆၁ ဒသမ ၇၆ သိန်း ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဇင်မာ



သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်

ဝေါ နိုဝင်ဘာ ၁၂

ဝေါမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဆန်းမင်းနှင့် တာဝန်ရှိသူများက နောင်ပတ္တရာကျေးရွာသို့ သွားရောက်၍ မြေသားရေကန်များ၏ သောက်သုံးရေသိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျသုံးစွဲရန်နှင့် ရေပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ပါက ကျေးလက်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်သွားရန် ပြောကြားသည်။



ထို့နောက် ခေတ္တမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန်အချက်များကို အသိပညာပေးဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

သန်းလွင်(မကွေး)

ချောင်းဆုံမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၁ ရက်တွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

ကိုကျော်(ချောင်းဆုံ)



ကျွန်းစုမြို့နယ်၌ စူပါအယ်လ်နီညိုကာလအတွင်း မီးလန့်မှု၊ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၁ ရက်က ကံမော်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးစဉ်။

ထက်မြင့် (ကျွန်းစု)



မအူပင်ခရိုင်၌ ပိုက်ကျော်ခြင်းနှင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အသက် ၂၂ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတို့ကို ယမန်နေ့က ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပရာ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ပြီး ညောင်တုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကာ ညောင်တုန်းမြို့နယ်အသင်းက အနိုင်ရရှိခဲ့သည်။ အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်လုပွဲစဉ်အဖြစ် ပန်းတနော်မြို့နယ် ဘောလုံးအသင်းနှင့် ဓနဖြူမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပန်းတနော်မြို့နယ် ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပထမဆုရရှိခဲ့သည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားချီးမြှင့်ခြင်း၊ ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား ဆုတံဆိပ်ချီးမြှင့်ခြင်းနှင့် ပထမဆု ရရှိသောအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



အောင်မြင့်မြတ်(ပြန်/ဆက်)

ကော့သောင်းမြို့နယ်၌ နွေစပါး (GW-18)မျိုးနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့များ ပေးအပ်

ကော့သောင်း နိုဝင်ဘာ ၁၂

ကော့သောင်းမြို့နယ်မှ နွေစပါး (GW-18)မျိုးစပါးနှင့် ဆောင်းသီးနှံ(မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ) စိုက်ပျိုးမည့် အကျိုးဆောင် တောင်သူများအား မျိုးကောင်း မျိုးသန့်မျိုးစေ့များ ပေးအပ်ချီးမြှင့်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးတို့က မျိုးစေ့များ ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နွေစပါး (GW-18) မျိုးစပါးနှင့် ဆောင်းသီးနှံ(မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ) စိုက်ပျိုးမည့် အကျိုးဆောင် တောင်သူများအား မျိုးကောင်း ကြောင်း သိရသည်။

မျိုးသန့်မျိုးစေ့များ ပေးအပ်ခဲ့ ခရိုင်(ပြန်/ဆက်)



ဖျာပုံမြို့၌ သီးနှံအာမခံမိုးရေချိန် စံညွှန်းကိန်းထက် ကျော်လွန်ခဲ့ခြင်းအတွက် လျော်ကြေးပေးအပ်

ဖျာပုံ နိုဝင်ဘာ ၁၂

ဖျာပုံမြို့၌ သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် လျော်ကြေးပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမင်းကြည်ဝင်းက ရာသီဥတုအညွှန်းကိန်းသီးနှံအာမခံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက တောင်သူများ သီးနှံအာမခံ အကာအကွယ်ရရှိစေရန်အတွက် မြန်မာ့အာမခံလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒဲမြို့နယ်တို့မှ တောင်သူကိုယ်စားလှယ်များအား သီးနှံအာမခံ လျော်ကြေးငွေများ ပေးအပ်သည်။

အောင်ဝင်းနိုင်(ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

ကျောင်းကုန်း နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ထိုက်၊ ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးနိုင်မော်လွင်နှင့် တာဝန်ရှိသူများက မြေဩဇာဥပဒေ၊ မျိုးစေ့ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဝင်းကြိုင်(ပြန်/ဆက်)



ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

ကျောက်တန်း နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စော၊ သန်လျင်ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြိုင်သာယာကျေးရွာတွင်းလမ်း အရှည် ၃ ဒသမ ၃၃၃ ဖာလုံ အကျယ် ၁၂ ပေ အမြင့် ၇ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အထွေး



ရေနေသတ္တဝါများ ကျန်းမာရေး၊ ရောဂါထိန်းချုပ်ရေးနှင့် ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)၌ ရေနေသတ္တဝါများ ကျန်းမာရေး၊ ရောဂါထိန်းချုပ်ရေးနှင့် ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်း သင်တန်းကို နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်ရာ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းက အပြည်ပြည်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ငါး၊ ပုစွန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်၊ ငါး၊ ပုစွန်ရောဂါများကို ခေတ်မီနည်းစနစ်များဖြင့် ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းနည်းလမ်းများကို သိရှိစေရန်၊ ရေလုပ်ငန်းဆိုင်ရာ ကျေးလက်ဒေသရှိ ငါး၊ ပုစွန် မွေးမြူသူ လုပ်ငန်းရှင်များနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဆင့်ပြန်လည်ပညာဖြန့်ဝေခြင်းဖြင့် အသိပညာများ တိုးတက်ရရှိလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းနှင့် ပြင်ပကုမ္ပဏီတို့မှ စုစုပေါင်း ၂၀ တက်ရောက်ပြီး သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မတ္တရာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

မတ္တရာ နိုဝင်ဘာ ၁၂

မတ္တရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို နိုဝင်ဘာ ၅ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးဝင်းခိုင်က တောင်သူများအား ချေးငွေထုတ်ချေးခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ချေးငွေပြေကျေစွာ ပေးသွင်းပြီးသော ပန်းယျကျေးရွာအုပ်စုမှ တောင်သူ ၂၄ ဦး၏ စပါး ၈၀ ဝ၀ နှင့် ပဲပုပ်၇၂၈၀ စုစုပေါင်း ၁၁၂ ဧကအတွက် ချေးငွေကျပ်သိန်း၃၀၀ ကို ထုတ်ချေးပေးခဲ့သည်။

ရွှေရာသား



ဘီးလင်းမြို့နယ်၌ နိုင်ငံ့သားကောင်း လက်ကမ်းစာစောင်နှင့် ပြည်သူ့စစ်မှုထမ်းနှစ်နှစ်တာ ဂုဏ်ယူဖွယ်ရာ လက်ကမ်းစာစောင်များကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇာထိုက်နှင့် ဝန်ထမ်းများက ဘိုးရာဇာရပ်ကွက် မင်္ဂလာဈေးရှေ့၌ လမ်းသွားလမ်းလာများအား ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

“မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် သောကြာနေ့ ညပိုင်းတွင် “မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်” တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက်(Live) ရိုက်ကူး ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် ဂျက် မြသောင်း၊ ဒုံချပ်၊ ပိုင်သစ်၊ စွာနိတ်ထူး၊ မေစိုပယ်ညို၊ ဖူးကေရီဆောင်းနှင့် အညိုတို့က တန်ဆောင်တိုင်ပွဲတော်၏ လပြည့်ညအလှ၊ မီးထွန်းပွဲတော်၏ ရောင်စုံမီးအလင်းရောင်များနှင့်အတူ မိသားစုများနှင့် ချစ်ရသူများ၏ ပျော်ရွှင်ကြည်နူးဖွယ် အမှတ်တရများနှင့် ဖန်တီးပုံဖော်ထားသော၊ တန်ဆောင်တိုင်ပွဲတော်၏ အလှတရားများကို ရေးဖွဲ့သီကုံး ပန်ဆင်ထားသည့် တေးသီချင်းကောင်းများဖြင့် သီဆို ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

“မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်” တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၃ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် နိုဝင်ဘာ ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဓနုဖြူမြို့နယ်၌ စူပါအယ်လ်နီညိုဖြစ်ပေါ်လာပါက ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

ဓနုဖြူ နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စူပါအယ်လ်နီညို ဖြစ်ပေါ်လာပါက ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ကျားချောင်းကျေးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် ကျေးရွာရေရရှိရေးကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေကော်မတီဝင်များအား စူပါအယ်လ်နီညိုကြောင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေး စနစ်တကျ ဖြန့်ဝေသုံးစွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ကျားချောင်းကျေးရွာ အဖြစ်တင်ရေစင်(ရေစက်ရုံ) တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တေဇလင်း

တာမွေမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးနှင့် လားရှိုးမြို့၌ ငွေကျပ်သိန်း ၁၄၇၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၂

